အစီရင်ခံစာခေါင်းစဉ်။ **(ခ) စီးပွားရေးသတင်းများ**

အကြောင်းအရာ။ **ဘင်္ဂလားဒေ့ရှ် ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ စင်ကာပူနိုင်ငံ၌ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆွေးနွေးပွဲ ကျင်းပခြင်း**

၁။ စင်ကာပူနိုင်ငံရှိ ဘင်္ဂလားဒေ့ရှ်သံရုံး၏ကူညီပံ့ပိုးမှုဖြင့် ဘင်္ဂလားဒေ့ရှ်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (FBCCI) မှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဆွေးနွေးပွဲတစ်ရပ်ကို စင်ကာပူနိုင်ငံ၊ Fullerton Hotel ၌ ၂၇.၈.၂၀၁၅ နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲသို့ စင်ကာပူနိုင်ငံရှိ အစိုးရဌာနဆိုင်ရာများ၊ စီးပွားရေး လုပ်ငန်းအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံရုံးများမှ ဖိတ်ကြားထားသူပုဂ္ဂိုလ်ဦးရေ ၁၅၀ ကျော် တက်ရောက်ခဲ့ကြပါသည်။

၂။ ဆွေးနွေးပွဲ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Tofail Ahmed၊ လျှပ်စစ်စွမ်းအား၊ စွမ်းအင်နှင့်သတ္တုတွင်းထွက်အရင်းအမြစ်ဝန်ကြီး Mr. Nasrul Hamid နှင့် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး Mr. Mahbub Uz Zaman တို့က အမှာစကား ပြောကြားခဲ့ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခြေအနေများကို သဘာပတိအဖွဲ့ဆွေးနွေးပွဲ နှစ်ရပ်ဖြင့် FBCCI မှ စီးပွားရေးပညာရှင်များက ရှင်းလင်းဆွေးနွေးတင်ပြကြပါသည်။

၃။ ဘင်္ဂလားဒေ့ရှ်အစိုးရမှ ပြည်ပလုပ်ငန်းရှင်များသို့ ကမ်းလှမ်းထားရှိသော အထူးရင်းနှီးမြှုပ်နှံမှု အစီအစဉ်များနှင့်ပတ်သက်၍ Mr. Tofail က ၎င်းတို့နိုင်ငံသည် တရုတ်နှင့် အိန္ဒိယ ဈေးကွက်ကြီး ၂ ခုအကြားတည်ရှိပြီး အဆိုပါနိုင်ငံများသို့ တင်ပို့သည့် ကုန်စည်အမယ်များစွာမှာ အခွန်ကင်းလွတ်မှုအခွင့်အရေးကို ရရှိလျက်ရှိကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ငန်းကိုအပြည့် အဝ ပိုင်ဆိုင်ခွင့်ရှိသည့်အပြင် လုပ်ငန်းရပ်သိမ်းခြင်းပြုရာ၌ အရင်းအနှီးနှင့် အကျိုးအမြတ်ငွေများ အားလုံးကို ပြည်ပသို့ပြန်လည်သယ်ဆောင်ခွင့်ပြုကြောင်း၊ နိုင်ငံခြားသားဝန်ထမ်းများကိုလည်း ၎င်းတို့ရရှိသော လစာနှင့်လုပ်အားခ၏ ၇၅ ရာခိုင်နှုန်းကို ပြည်ပသို့လွှဲပြောင်းခွင့်ပြုထားကြောင်း၊ ပြည်ပလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံသားခံယူနိုင်ခွင့် သို့မဟုတ် အခြေချနေထိုင်ခွင့်ကို ရရှိနိုင်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်အတွက် နိုင်ငံခြားသားရှယ်ယာပါဝင်မှုကို ၁၀၀ ရာခိုင်နှုန်းပြည့် ခွင့်ပြုသည့်မူဝါဒအား အစိုးရမှလက်ခံကျင့်သုံးလျက်ရှိကြောင်း၊ ထို့အပြင် ပြည်ပလုပ်ငန်းရှင်၏ ရှယ်ယာတန်ဖိုးပမာဏကိုလည်း ကန့်သတ်ထားခြင်းမရှိကြောင်း၊ လက်ရှိကာလ၌ ပို့ကုန်အထူးပြုလုပ်ငန်းဇုန် (Export Processing Zones) ၈ ခုနှင့် အထူးစီးပွားရေးဇုန် ၁၉ ခုကို တည်ထောင် လုပ်ကိုင်လျက်ရှိကြောင်း၊ အစိုးရသည် ၂၀၀၉ ခုနှစ်မှစ၍ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု မြှင့်တင်ရေးမူဝါဒများကို ချမှတ်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပျမ်းမျှ GDP တိုးတက်မှုမှာ ၆ ရာခိုင်နှုန်းရှိကြောင်း၊ ၎င်းတို့အနေဖြင့် ၂၀၂၁ ခုနှစ်တွင် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးစာရင်းဝင်နိုင်ငံအဖြစ်မှ လွန်မြောက်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ပြောကြားပါသည်။

၄။ ယခုဆွေးနွေးပွဲတွင် ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့သည် လျှပ်စစ်စွမ်းအား ထုတ်လုပ်မှု ကဏ္ဍ၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများရရှိရေးကို အဓိကဦးစားပေးတင်ပြခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ် လျှပ်စစ်စွမ်းအားဝန်ကြီး Mr. Nasrul Hamid က မျက်မှောက်ကာလ ၎င်းတို့၏လျှပ်စစ်ဓါတ်အားထုတ်လုပ်နိုင်မှုမှာ ၁၁၅၃၄ မဂ္ဂါဝပ်ရှိပြီး ၆ နှစ်တာအတွင်း ၃ ဆမျှတိုးတက်လာခြင်းဖြစ်ကြောင်း၊ လျှပ်စစ်ဓါတ်အားသုံးစွဲသည့် အိမ်ထောင်စုပေါင်း ၁၇ ဒသမ ၅ သန်းခန့်ရှိပြီး လိုအပ်ချက်မှာတိုးတက်လျက်ရှိရာ ၂၀၂၁ ခုနှစ်၌ မဂ္ဂါဝပ် ၂ သောင်းအထိတိုးမြှင့်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလုပ်ကိုင်လျက်ရှိကြောင်း၊ ၎င်းသို့ဓါတ်အားထုတ်လုပ်မှုမြှင့်တင်ရာတွင် ကျောက်မီးသွေးလောင်စာနှင့် သဘာဝဓါတ်ငွေ့လောင်စာ (LNG) တို့ကို ၅၀ ရာခိုင်နှုန်းစီ အသုံးပြုမည်ဖြစ်ပြီး ပြည်ပမှ LNG တင်သွင်းရန် ဆိပ်ကမ်းများ တည်ဆောက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓါတ်အားထုတ်လုပ်မှုအတွက် အမေရိကန်ဒေါ်လာငွေ ၄၀ ဘီလီယံခန့် သုံးစွဲရဖွယ်ရှိပြီး အကန့်အသတ်ဖြင့်တည်ရှိနေသည့် ဓါတ်အားလိုင်းကွန်ယက်ကို တိုးချဲ့နိုင်ရန်မှာ အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်းဖြင့် ပြောဆိုပါသည်။ စင်ကာပူနိုင်ငံမှ Sembcorp လုပ်ငန်းစု၏ အမှုဆောင်ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Tan Cheng Guan က ၎င်းတို့ကုမ္ပဏီသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ Sirajganj အရပ်ဒေသ၌ ၄၁၃ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် သဘာဝဓါတ်ငွေ့သုံး ဓါတ်အားပေးစက်ရုံတစ်ခုကို တည်ဆောက်ပိုင်ဆိုင်လုပ်ကိုင်မှုစနစ် (BOO) ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းစက်ရုံကို ၂၀၁၈ ခုနှစ်အတွင်း စတင်လည်ပတ်နိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ထို့အပြင် ဂျပန်နိုင်ငံအစိုးရ JICA ထောက်ပံ့မှုအစီအစဉ်ဖြင့် ၆၆၀ မှ ၇၀၀ မဂ္ဂါဝပ်အထိထုတ်လုပ်နိုင်သော ကျောက်မီးသွေးလောင်စာသုံး ဓါတ်အားပေးစက်ရုံတစ်ရုံကိုလည်း Cox's Bazar ခရိုင် Matabari ဒေသတွင် တည်ဆောက်သွားရန် စီစဉ်လျက်ရှိရာ စင်ကာပူကုမ္ပဏီများမှ ပါဝင်လုပ်ကိုင်ခွင့်ပြုရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ လျှပ်စစ်စွမ်းအား၊ စွမ်းအင်နှင့်သတ္တုတွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာနနှင့် စင်ကာပူအပြည်ပြည်ဆိုင်ရာစီးပွားရေးအဖွဲ့အစည်း (IE Singapore) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံရေးနှင့် လူမှုပတ်ဝန်းကျင်အခြေအနေမှာတည်ငြိမ်မှုရှိပြီး လုပ်ငန်းများဆောင်ရွက်ရန် အပြုသဘောရှုမြင်လျက်ရှိကြောင်း ပြောဆိုပါသည်။

၅။ သဘာပတိအဖွဲ့ဆွေးနွေးပွဲ ပထမပိုင်းတွင် သားရေထည်နှင့်ဖိနပ်ချုပ်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ လျှပ်စစ်ဓါတ်အားထုတ်လုပ်မှု၊ သင်္ဘောတည်ဆောက်မှု၊ ဆေးဝါး၊ သတင်းအချက်အလက်နည်းပညာလုပ်ငန်း ကဏ္ဍများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယပိုင်း၌ တယ်လီဖုန်းဆက်သွယ်မှု၊ ဆေးဝါးနှင့် စားသောက်ကုန်ထုတ်လုပ်မှုနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍများကို လည်းကောင်း ဆွေးနွေးတင်ပြကြပါသည်။ ဘင်္ဂလားဒေ့ရှ်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ၏တင်ပြချက်အရ ယခင်နှစ်တွင် အထည်ချုပ်လုပ်ငန်းမှ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၄၉ ဘီလီယံခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ လက်ရှိကာလ၌ အထည်ချုပ်လုပ်ငန်းပေါင်း ၅၀၀၀ ကျော်တွင် အလုပ်သမားဦးရေ ၄ ဒသမ ၅ သန်းခန့် လုပ်ကိုင်လျက်ရှိကြောင်း၊ အစိုးရအနေဖြင့် ၎င်းလုပ်ငန်းကဏ္ဍ၌ ရင်းနှီးမြှုပ်နှံသူ ပြည်ပလုပ်ငန်းရှင်များအား စက်ပစ္စည်းများတင်သွင်းရာတွင် အကောက်ခွန်သက်သာကင်းလွတ်ခွင့်များ ပေးအပ်ထားကြောင်း သိရှိရပါသည်။

၆။ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အတွင်းဝန် Mr. Md. Shahidul Haque က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ၎င်းတို့နိုင်ငံသည် တရုတ်၊ မြန်မာနှင့် အိန္ဒိယနိုင်ငံတို့ကို ဖြတ်သန်းလျက်ရှိသည့် စီးပွားရေးစင်္ကြံတလျှောက် အချက်အချာကျသည့်နေရာ၌တည်ရှိပြီး လူမှုပတ်ဝန်းကျင်တည်ငြိမ်မှု၊ လုပ်အားခသက်သာသည့် လုပ်သားပေါများမှု စသည့်အားသာချက်များရှိသည့်အားလျော်စွာ စင်ကာပူလုပ်ငန်းရှင်များမှ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် ဖိတ်ခေါ်ခဲ့ပါသည်။ လက်ရှိကာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများသို့ စင်ကာပူကုမ္ပဏီများ၏ ဝင်ရောက်လုပ်ကိုင်မှုမှာ ကျယ်ပြန့်မှုမရှိသေးသော်လည်း နှစ်နိုင်ငံကုန်သွယ်မှုမှာ တိုးတက်လျက်ရှိပါသည်။ စင်ကာပူစာရင်းအင်းဌာန၏ ကိန်းဂဏန်းများအရ ၂၀၁၄ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုမှာ စင်ကာပူဒေါ်လာ ၄ ဒသမ ၃ ဘီလီယံအထိရောက်ရှိခဲ့ပြီး စင်ကာပူ၏ကုန်သွယ်ဖက်နိုင်ငံပေါင်း ၁၀၀ ကျော်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၉ နိုင်ငံမြောက် ကုန်သွယ်မှုအများဆုံးနေရာ၌ ရပ်တည်နေခဲ့ကြောင်း သိရှိရပါသည်။

(နေအေးလွင်)
စီးပွားရေးသံမှူး

# စင်ကာပူမြို့၏ ၁၈.၈.၂၀၁၅ နေ့တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းလက်လီဈေးနှုန်းများနှင့် ဈေးကွက်သတင်းအချက်အလက်တင်ပြချက်

၁။ စင်ကာပူမြို့၌ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းလက်လီဈေးနှုန်းများ၏ ၁၁.၈.၂၀၁၅ နေ့ဈေးနှုန်းနှင့်နှိုင်းယှဉ်၍ တက်ကျပြောင်းလဲမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကုန်အမျိုးအမည် | ကုန်အမှတ်တံဆိပ် | စင်ကာပူဈေးနှုန်း | | မြန်မာဈေးနှုန်း | | တက်/ကျ |
|---|---|---|---|---|---|---|---|
| | | | ရေတွက်ပုံ | S$ | ရေတွက်ပုံ | ကျပ် | |
| ၁ | ဟုန်မာလီ ၁၀၀%ဆန် | Royal Umbrella - ထိုင်း | ၁ ကီလိုဂရမ် | ၂.၉၅ | ၁ ပြီ | ၅၄၁၀ | |
| ၂ | ဟုန်မာလီ ၁၀၀%ဆန် | FairPrice Gold - ထိုင်း | ၁ ကီလိုဂရမ် | ၂.၁၂ | ၁ ပြီ | ၃၈၉၅ | |
| ၃ | ဟုန်မာလီ ရောနှောဆန် | FairPrice Golden Royal | ၁ ကီလိုဂရမ် | ၁.၆၇ | ၁ ပြီ | ၃၀၇၀ | |
| ၄ | ဟုန်မာလီဆန် | FairPrice Jasmine - ဗီယက်နမ် | ၁ ကီလိုဂရမ် | ၁.၅၅ | ၁ ပြီ | ၂၈၄၃ | |
| ၅ | ဧည့်မထ ဆန်လုံးရှည် | AAA - ဗီယက်နမ် | ၁ ကီလိုဂရမ် | ၁.၀၆ | ၁ ပြီ | ၁၉၄၄ | |
| ၆ | ဘာစမာတီဆန် | India Gate - အိန္ဒိယ | ၁ ကီလိုဂရမ် | ၄.၇၈ | ၁ ပြီ | ၈၇၆၆ | |
| ၇ | မုံညင်းဆီ | FairPrice Canola | ၂ လီတာ | ၅.၇၁ | ၁ ပိဿာ | ၅၁၃၁ | |
| ၈ | နေကြာဆီ | FairPrice | ၂ လီတာ | ၅.၃၅ | ၁ ပိဿာ | ၄၈၀၈ | |
| ၉ | ဖွဲနုဆီ | FairPrice | ၂ လီတာ | ၅.၈၅ | ၁ ပိဿာ | ၅၂၅၇ | |
| ၁၀ | မြေပဲဆီ | FairPrice | ၂ လီတာ | ၈.၃၇ | ၁ ပိဿာ | ၇၅၂၂ | |
| ၁၁ | ဆား | FairPrice | ၁ ကီလိုဂရမ် | ၀.၇၂ | ၁ ပိဿာ | ၁၀၅၅ | |
| ၁၂ | ဆား | Pagoda Sea Salt | ၁ ကီလိုဂရမ် | ၂.၉၅ | ၁ ပိဿာ | ၄၃၂၅ | |
| ၁၃ | သကြား | FairPrice Fine | ၁ ကီလိုဂရမ် | ၁.၁၇ | ၁ ပိဿာ | ၁၇၁၅ | |
| ၁၄ | သကြား | Billington's Demerara | ၁ ကီလိုဂရမ် | ၆.၄၀ | ၁ ပိဿာ | ၉၃၈၂ | |
| ၁၅ | အေးခဲကြက်သား | Sadia -ဘရာဇီး | ၁ ကီလိုဂရမ် | ၄.၉၅ | ၁ ပိဿာ | ၇၂၅၇ | |
| ၁၆ | ကြက်သား | မလေးရှား | ၁ ကီလိုဂရမ် | ၇.၄၀ | ၁ ပိဿာ | ၁၀၈၄၈ | |
| ၁၇ | အေးခဲဝက်သား | Porkee | ၁ ကီလိုဂရမ် | ၁၀.၂၀ | ၁ ပိဿာ | ၁၄၉၅၃ | |
| ၁၈ | ဝက်သား | အနိမ့်ဈေး | ၁ ကီလိုဂရမ် | ၁၁.၆၀ | ၁ ပိဿာ | ၁၇၀၀၅ | |
| ၁၉ | ဝက်သား | အမြင့်ဈေး | ၁ ကီလိုဂရမ် | ၂၄.၉၀ | ၁ ပိဿာ | ၃၆၅၀၃ | |
| ၂၀ | အေးခဲအမဲသား | AMIR's Cube | ၁ ကီလိုဂရမ် | ၁၃.၀၀ | ၁ ပိဿာ | ၁၉၀၅၈ | |
| ၂၁ | အမဲသား | အနိမ့်ဈေး - သြစတေးလျ | ၁ ကီလိုဂရမ် | ၁၇.၉၀ | ၁ ပိဿာ | ၂၆၂၄၁ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၂ | အမဲသား | အမြင့်ဈေး - သြစတေးလျ | ၁ ကီလိုဂရမ် | ၄၄.၉၀ | ၁ ပိဿာ | ၆၅၈၂၂ | ⬇ |
| ၂၃ | အေးခဲဆိတ်သား | Singourmet | ၁ကီလိုဂရမ် | ၁၇.၃၀ | ၁ ပိဿာ | ၂၅၃၆၀ | |
| ၂၄ | ဆိတ်သား | သြစတေးလျ | ၁ကီလိုဂရမ် | ၁၉.၉၀ | ၁ ပိဿာ | ၂၉၁၇၃ | |
| ၂၅ | တီလားပီးယားငါး | အနက် | ၃၀၀ ဂရမ် | ၃.၀၀ | ၁ ပိဿာ | ၁၄၆၆၀ | |
| ၂၆ | ရွှေရောင်ငါးမုတ် | | ၁ ကီလိုဂရမ် | ၁၁.၈၀ | ၁ ပိဿာ | ၁၇၂၉၈ | |
| ၂၇ | ပုဇွန် | Black Tiger XL | ၁ ကီလိုဂရမ် | ၁၉.၅၀ | ၁ ပိဿာ | ၂၈၅၈၆ | ⬆ |
| ၂၈ | ပုဇွန် | Grey Prawn XL | ၁ ကီလိုဂရမ် | ၂၁.၉၀ | ၁ ပိဿာ | ၃၂၁၀၅ | |
| ၂၉ | အာလူး | Brastagi -အင်ဒိုနီးရှား | ၁ ကီလိုဂရမ် | ၂.၄၅ | ၁ ပိဿာ | ၃၅၉၂ | |
| ၃၀ | ကြက်သွန်ဖြူ | Chef - တရုတ် | ၁ ကီလိုဂရမ် | ၂.၉၀ | ၁ ပိဿာ | ၄၂၅၁ | |
| ၃၁ | ကြက်သွန်နီ | Chef - တရုတ် | ၇၀၀ ဂရမ် | ၁.၄၀ | ၁ ပိဿာ | ၂၉၃၂ | ⬆ |
| ၃၂ | ငရုတ်သီး အမှုန့် | Pasar - မလေးရှား | ၁၀၀ ဂရမ် | ၀.၇၂ | ၁ ပိဿာ | ၁၀၅၅၅ | |
| ၃၃ | ဂျင်း | Pasar | ၁ ကီလိုဂရမ် | ၆.၉၅ | ၁ ပိဿာ | ၁၀၁၈၈ | |
| ၃၄ | ခရမ်းချဉ်သီး | မလေးရှား | ၁ ကီလိုဂရမ် | ၂.၂၀ | ၁ ပိဿာ | ၃၂၂၅ | |
| ၃၅ | ခရမ်းသီး | မလေးရှား | ၁ ကီလိုဂရမ် | ၄.၂၀ | ၁ ပိဿာ | ၆၁၅၇ | |
| ၃၆ | ဂေါ်ဖီထုပ်အကြီး | တရုတ် | ၁ ကီလိုဂရမ် | ၁.၂၀ | ၁ ပိဿာ | ၁၇၅၉ | |
| ၃၇ | ဂေါ်ဖီထုပ် | Bejing - တရုတ် | ၁ ကီလိုဂရမ် | ၁.၆၀ | ၁ ပိဿာ | ၂၃၄၆ | |
| ၃၈ | ပန်းမုန်လာ | တရုတ် | ၁ ကီလိုဂရမ် | ၂.၈၀ | ၁ ပိဿာ | ၄၁၀၅ | |
| ၃၉ | ကညွတ် | ထိုင်း | ၁ ကီလိုဂရမ် | ၁၄.၆၀ | ၁ ပိဿာ | ၂၁၄၀၃ | |
| ၄၀ | ဘိုစားပဲ | Pasar - မလေးရှား | ၂၅၀ ဂရမ် | ၁.၀၃ | ၁ ပိဿာ | ၆၀၃၈ | |
| ၄၁ | မုန်လာဥနီ | သြစတေးလျ | ၅၀၀ ဂရမ် | ၀.၉၅ | ၁ ပိဿာ | ၂၇၈၅ | |
| ၄၂ | ပဲလွန်းဖြူ | Pasar | ၁ ကီလိုဂရမ် | ၃.၄၀ | ၁ ပိဿာ | ၄၉၈၄ | |
| ၄၃ | ပဲတီစိမ်း | Max's | ၁ ကီလိုဂရမ် | ၄.၅၀ | ၁ ပိဿာ | ၆၅၉၇ | |
| ၄၄ | ကြက်ဥ | အနိမ့်ဈေး | ၁ လုံး | ၀.၂၂ | ၁ လုံး | ၁၉၃ | |
| ၄၅ | ကြက်ဥ | အမြင့်ဈေး | ၁ လုံး | ၀.၃၇ | ၁ လုံး | ၃၂၈ | |
| ၄၆ | ပန်းသီး | Fuji | ၅ လုံး | ၄.၆၅ | ၁ လုံး | ၈၃၆ | |
| ၄၇ | ပန်းသီး | Royal Gala - နယူးဇီလန် | ၅ လုံး | ၂.၂၅ | ၁ လုံး | ၄၀၄ | |
| ၄၈ | လိမ္မော်သီး | Navel | ၁ လုံး | ၀.၃၅ | ၁ လုံး | ၃၁၅ | |
| ၄၉ | ဖရဲသီး | မလေးရှား | ၅ ကီလိုဂရမ် | ၆.၅၀ | ၁ လုံး | ၅၈၄၁ | |
| ၅၀ | သခွားမွှေး | Rock - သြစတေးလျ | ၁ လုံး | ၄.၉၉ | ၁ လုံး | ၄၄၈၄ | |
| ၅၁ | ငှက်ပျောသီး | Aloha - ဖိလစ်ပိုင် | ၁ ကီလိုဂရမ် | ၁.၇၀ | ၁ လုံး | ၁၉၁ | |
| ၅၂ | နာနတ်သီး | မလေးရှား | ၁ လုံး | ၁.၉၀ | ၁ လုံး | ၁၇၀၇ | |
| ၅၃ | နဂါးမောက်သီး | ဗီယက်နမ် | ၁ လုံး | ၀.၆၀ | ၁ လုံး | ၅၃၉ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅၄ | သရက်သီး | Kai Te - ထိုင်ဝမ် | ၁ လုံး | ၄.၃၀ | ၁ လုံး | ၃၈၆၄ | |
| ၅၅ | အုန်းသီးအနု | ထိုင်း | ၁ လုံး | ၁.၈၅ | ၁ လုံး | ၁၆၆၂ | ↓ |
| ၅၆ | စတော်ဘယ်ရီ | ဩစတေးလျ | ၂၅၀ ဂရမ် | ၃.၈၉ | ၁ ပိဿာ | ၂၂၈၁၁ | |
| ၅၇ | စပျစ်သီး | အမေရိကန် | ၁ ကီလိုဂရမ် | ၅.၅၀ | ၁ ပိဿာ | ၈၀၆၃ | |
| ၅၈ | သစ်တော်သီး | တောင်အာဖရိက | ၅ လုံး | ၂.၄၅ | ၁ လုံး | ၄၄၀ | |
| ၅၉ | ထောပတ်သီး | အမေရိကန် | ၃ လုံး | ၄.၉၅ | ၁ လုံး | ၁၄၈၃ | |
| ၆၀ | ကော်ဖီမစ် | ၂၀ ဂရမ် ၂၅ ထုပ်ပါ Nescafe 3 in 1 Rich | ၁ ပါကင် | ၆.၁၅ | ၁ ပါကင် | ၅၅၂၇ | |
| ၆၁ | ကော်ဖီမစ် | ၂၀ ဂရမ်အထုပ် ၄၀ ပါ Gold Roast 3 in 1 | ၁ ပါကင် | ၄.၆၀ | ၁ ပါကင် | ၄၁၃၄ | |
| ၆၂ | ကော်ဖီမှုန့် | Nescafe Delluxe ၂၀၀ ဂရမ် | ၁ ဘူး | ၆.၈၀ | ၁ ဘူး | ၆၁၁၁ | |
| ၆၃ | ကော်ဖီမှုန့် | Nescafe Gold ၂၀၀ ဂရမ် | ၁ ဘူး | ၁၂.၇၅ | ၁ ဘူး | ၁၁၄၅၈ | |
| ၆၄ | နွားနို့ | Dutch Lady | ၁ လီတာ | ၂.၅၀ | ၁ လီတာ | ၂၂၄၇ | |
| ၆၅ | နွားနို့ | Marigold | ၁ လီတာ | ၂.၃၀ | ၁ လီတာ | ၂၀၆၇ | |
| ၆၆ | နို့ဆီ | Marigold Lady ၃၈၇ ဂရမ် | ၁ ဘူး | ၁.၆၀ | ၁ ဘူး | ၁၄၃၈ | |
| ၆၇ | အချိုရည် | Coca Colar | ၁.၅ လီတာ | ၂.၂၀ | ၁.၅ လီတာ | ၁၉၇၇ | |
| ၆၈ | အချိုရည် | Pepsi Colar | ၁.၅ လီတာ | ၁.၇၀ | ၁.၅ လီတာ | ၁၅၂၈ | |
| ၆၉ | ဆပ်ပြာခဲ | Dove ၁၀၀ ဂရမ် ၃ခဲ | ၁ ပါကင် | ၃.၈၅ | ၁ ပါကင် | ၃၄၆၀ | |
| ၇၀ | ဆပ်ပြာခဲ | Lux ၈၅ ဂရမ် ၆ခဲ | ၁ ပါကင် | ၂.၄၅ | ၁ ပါကင် | ၂၂၀၂ | |
| ၇၁ | သွားတိုက်ဆေး | Colgate Fresh Cool ၂၅၀ ဂရမ် | ၁ ဘူး | ၄.၁၀ | ၁ ဘူး | ၃၆၈၄ | |
| ၇၂ | သွားတိုက်ဆေး | Sensodyne ၁၀၀ ဂရမ် | ၁ ဘူး | ၅.၀၀ | ၁ ဘူး | ၄၄၉၃ | |
| ၇၃ | ဓါတ်ဆီ 98 | Shell V-power 98UL | ၁ လီတာ | ၂.၇၆ | ၁ လီတာ | ၂၄၈၀ | |
| ၇၄ | ဓါတ်ဆီ 98 | Shell 98UL | ၁ လီတာ | ၂.၄၀ | ၁ လီတာ | ၂၁၆၆ | |
| ၇၅ | ဓါတ်ဆီ 98 | SPC LEVO 98 | ၁ လီတာ | ၂.၃၀ | ၁ လီတာ | ၂၀၇၆ | |
| ၇၆ | ဓါတ်ဆီ 95 | Shell 95UL | ၁ လီတာ | ၂.၁၃ | ၁ လီတာ | ၁၉၁၄ | |
| ၇၇ | ဓါတ်ဆီ 95 | SPC 95 | ၁ လီတာ | ၂.၀၉ | ၁ လီတာ | ၁၈၇၈ | ↓ |
| ၇၈ | ဓါတ်ဆီ 92 | SPC LEVO 92 | ၁ လီတာ | ၂.၀၅ | ၁ လီတာ | ၁၈၄၂ | ↓ |
| ၇၉ | ဒီဇယ် | Shell | ၁ လီတာ | ၁.၂၈ | ၁ လီတာ | ၁၁၅၀ | |
| ၈၀ | ဒီဇယ် | SPC | ၁ လီတာ | ၁.၂၃ | ၁ လီတာ | ၁၁၀၅ | ↓ |

၂။ အထက်ပါဈေးနှုန်းများမှာ ၁၈.၈.၂၀၁၅ နေ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်ပြန်သော ရည်ညွှန်းနိုင်ငံခြားငွေလဲနှုန်းအရ ၁ စင်ကာပူဒေါ်လာလျှင် ၈၉၈.၆၄ ကျပ်ဖြင့် မြန်မာအချင်အတွယ် စနစ်အလိုက် တွက်ချက်ထားခြင်းဖြစ်ပါသည်။ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်သည့် နိုင်ငံခြားငွေလဲနှုန်းအရ ယခုရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာတစ်ယူနစ်နှင့် ညီမျှသည့် စင်ကာပူဒေါ်လာတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | နေ့ရက် | အမေရိကန်ဒေါ်လာ တစ်ယူနစ်နှင့်ညီမျှသည့် စင်ကာပူဒေါ်လာငွေ |
|---|---|---|
| ၁ | ၁၂.၈.၂၀၁၅ | ၁.၄၁၁၉ |
| ၂ | ၁၃.၈.၂၀၁၅ | ၁.၃၉၃၂ |
| ၃ | ၁၄.၈.၂၀၁၅ | ၁.၄၀၄၂ |
| ၄ | ၁၇.၈.၂၀၁၅ | ၁.၄၀၈၄ |
| ၅ | ၁၈.၈.၂၀၁၅ | ၁.၄၀၇၀ |

(နေအေးလွင်)
စီးပွားရေးသံမှူး

## ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့ စင်ကာပူမြို့၌ဖြစ်ပေါ်သော ကုန်ပစ္စည်းလက်လီဈေးနှုန်းများနှင့် ဈေးကွက်သတင်းအချက်အလက်တင်ပြချက်

၁။ စင်ကာပူမြို့၌ ၈.၉.၂၀၁၅ နေ့တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းအမျိုးအမည်အလိုက် လက်လီဈေးနှုန်းများ၏ ၁.၉.၂၀၁၅ နေ့ရှိ ဈေးနှုန်းများနှင့်နှိုင်းယှဉ် ပြောင်းလဲမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကုန်အမျိုးအမည် | ကုန်အမှတ်တံဆိပ် | စင်ကာပူဈေးနှုန်း | | မြန်မာဈေးနှုန်း | | တက်/ကျ |
|---|---|---|---|---|---|---|---|
| | | | ရေတွက်ပုံ | S$ | ရေတွက်ပုံ | ကျပ် | |
| ၁ | ဟုန်မာလီ ၁၀၀%ဆန် | Royal Umbrella - ထိုင်း | ၁ ကီလိုဂရမ် | ၂.၉၅ | ၁ ပြည် | ၅၃၈၉ | |
| ၂ | ဟုန်မာလီ ၁၀၀%ဆန် | FairPrice Gold - ထိုင်း | ၁ ကီလိုဂရမ် | ၂.၂၃ | ၁ ပြည် | ၄၀၇၈ | |
| ၃ | ဟုန်မာလီ ရောနှောဆန် | FairPrice Golden Royal | ၁ ကီလိုဂရမ် | ၁.၅၂ | ၁ ပြည် | ၂၇၇၉ | ⬇ |
| ၄ | ဟုန်မာလီဆန် | FairPrice Jasmine - ဗီယက်နမ် | ၁ ကီလိုဂရမ် | ၁.၄၀ | ၁ ပြည် | ၂၅၄၈ | |
| ၅ | ညှော်မထ ဆန်လုံးရှည် | AAA - ဗီယက်နမ် | ၁ ကီလိုဂရမ် | ၁.၀၆ | ၁ ပြည် | ၁၉၃၆ | |
| ၆ | ဘာစမာတီဆန် | India Gate - အိန္ဒိယ | ၁ ကီလိုဂရမ် | ၄.၇၈ | ၁ ပြည် | ၈၇၃၂ | |
| ၇ | မုံညင်းဆီ | FairPrice Canola | ၂ လီတာ | ၅.၇၁ | ၁ ပိဿာ | ၅၁၁၁ | |
| ၈ | နေကြာဆီ | FairPrice | ၂ လီတာ | ၆.၆၆ | ၁ ပိဿာ | ၅၉၆၂ | |
| ၉ | ဖွဲနုဆီ | FairPrice | ၂ လီတာ | ၅.၈၅ | ၁ ပိဿာ | ၅၂၃၇ | |
| ၁၀ | မြေပဲဆီ | FairPrice | ၂ လီတာ | ၈.၅၅ | ၁ ပိဿာ | ၇၆၅၄ | |
| ၁၁ | ဆား | FairPrice | ၁ ကီလိုဂရမ် | ၀.၇၂ | ၁ ပိဿာ | ၁၀၅၁ | |
| ၁၂ | ဆား | Pagoda Sea Salt | ၁ ကီလိုဂရမ် | ၂.၉၅ | ၁ ပိဿာ | ၄၃၀၈ | |
| ၁၃ | သကြား | FairPrice Fine | ၁ ကီလိုဂရမ် | ၁.၁၇ | ၁ ပိဿာ | ၁၇၀၉ | |
| ၁၄ | သကြား | Billington's Demerara | ၁ ကီလိုဂရမ် | ၆.၄၀ | ၁ ပိဿာ | ၉၃၄၆ | |
| ၁၅ | အေးခဲကြက်သား | Sadia -ဘရာဇီး | ၁ ကီလိုဂရမ် | ၄.၉၅ | ၁ ပိဿာ | ၇၂၂၈ | |
| ၁၆ | ကြက်သား | မလေးရှား | ၁ ကီလိုဂရမ် | ၇.၄၀ | ၁ ပိဿာ | ၁၀၈၀၆ | |
| ၁၇ | အေးခဲဝက်သား | Porkee | ၁ ကီလိုဂရမ် | ၁၀.၂၀ | ၁ ပိဿာ | ၁၄၈၉၅ | |
| ၁၈ | ဝက်သား | အနိမ့်ဈေး | ၁ ကီလိုဂရမ် | ၁၁.၆၀ | ၁ ပိဿာ | ၁၆၉၃၉ | |
| ၁၉ | ဝက်သား | အမြင့်ဈေး | ၁ ကီလိုဂရမ် | ၂၄.၉၀ | ၁ ပိဿာ | ၃၆၃၆၁ | |
| ၂၀ | အေးခဲအမဲသား | AMIR's Cube | ၁ ကီလိုဂရမ် | ၁၃.၈၀ | ၁ ပိဿာ | ၂၀၁၅၂ | |
| ၂၁ | အမဲသား | အနိမ့်ဈေး - ဩစတေးလျ | ၁ ကီလိုဂရမ် | ၁၉.၉၀ | ၁ ပိဿာ | ၂၉၀၆၀ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၂ | အမဲသား | အမြင့်ဈေး - သြစတေးလျ | ၁ ကီလိုဂရမ် | ၄၅.၉၀ | ၁ ပိဿာ | ၆၇၀၂၇ | ↑ |
| ၂၃ | အေးခဲဆိတ်သား | Singourmet | ၁ကီလိုဂရမ် | ၁၇.၃၀ | ၁ ပိဿာ | ၂၅၂၆၃ | |
| ၂၄ | ဆိတ်သား | သြစတေးလျ | ၁ကီလိုဂရမ် | ၁၉.၉၀ | ၁ ပိဿာ | ၂၉၀၆၀ | |
| ၂၅ | တီလားပီးယားငါး | အနက် | ၃၀၀ ဂရမ် | ၃.၀၀ | ၁ ပိဿာ | ၁၄၆၀၃ | |
| ၂၆ | ငါးမုတ် | ရွှေရောင် | ၁ ကီလိုဂရမ် | ၁၂.၉၀ | ၁ ပိဿာ | ၁၈၈၃၈ | ↑ |
| ၂၇ | ပုဇွန် | Black Tiger XL | ၁ ကီလိုဂရမ် | ၁၉.၅၀ | ၁ ပိဿာ | ၂၈၄၇၆ | |
| ၂၈ | ပုဇွန် | Grey Prawn XL | ၁ ကီလိုဂရမ် | ၂၂.၅၀ | ၁ ပိဿာ | ၃၂၈၅၇ | |
| ၂၉ | အာလူး | Brastagi -အင်ဒိုနီးရှား | ၁ ကီလိုဂရမ် | ၂.၀၀ | ၁ ပိဿာ | ၂၉၂၁ | |
| ၃၀ | ကြက်သွန်ဖြူ | Chef - တရုတ် | ၁ ကီလိုဂရမ် | ၂.၉၀ | ၁ ပိဿာ | ၄၂၃၅ | |
| ၃၁ | ကြက်သွန်နီ | Chef - တရုတ် | ၇၀၀ ဂရမ် | ၁.၂၀ | ၁ ပိဿာ | ၂၅၀၃ | |
| ၃၂ | ငရုတ်သီး အမှုန့် | Pasar - မလေးရှား | ၁၀၀ ဂရမ် | ၀.၇၂ | ၁ ပိဿာ | ၁၀၅၁၄ | |
| ၃၃ | ဂျင်း | Pasar | ၁ ကီလိုဂရမ် | ၆.၉၅ | ၁ ပိဿာ | ၁၀၁၄၉ | |
| ၃၄ | ခရမ်းချဉ်သီး | မလေးရှား | ၁ ကီလိုဂရမ် | ၂.၂၀ | ၁ ပိဿာ | ၃၂၁၃ | |
| ၃၅ | ခရမ်းသီး | မလေးရှား | ၁ ကီလိုဂရမ် | ၄.၂၀ | ၁ ပိဿာ | ၆၁၃၃ | |
| ၃၆ | ဂေါ်ဖီထုပ်အကြီး | တရုတ် | ၁ ကီလိုဂရမ် | ၁.၂၀ | ၁ ပိဿာ | ၁၇၅၂ | |
| ၃၇ | ဂေါ်ဖီထုပ် | Bejing - တရုတ် | ၁ ကီလိုဂရမ် | ၁.၆၀ | ၁ ပိဿာ | ၂၃၃၆ | |
| ၃၈ | ပန်းမုန်လာ | တရုတ် | ၁ ကီလိုဂရမ် | ၂.၈၀ | ၁ ပိဿာ | ၄၀၈၉ | |
| ၃၉ | ကညွတ် | ထိုင်း | ၁ ကီလိုဂရမ် | ၁၄.၆၀ | ၁ ပိဿာ | ၂၁၃၂၀ | |
| ၄၀ | ဘိုစားပဲ | Pasar - မလေးရှား | ၂၅၀ ဂရမ် | ၁.၀၃ | ၁ ပိဿာ | ၆၀၁၄ | |
| ၄၁ | မုန်လာဥနီ | သြစတေးလျ | ၅၀၀ ဂရမ် | ၀.၉၅ | ၁ ပိဿာ | ၂၇၇၅ | |
| ၄၂ | ပဲလွန်းဖြူ | Pasar | ၁ ကီလိုဂရမ် | ၃.၄၀ | ၁ ပိဿာ | ၄၉၆၅ | |
| ၄၃ | ပဲတီစိမ်း | Max's | ၁ ကီလိုဂရမ် | ၄.၅၀ | ၁ ပိဿာ | ၆၅၇၀ | |
| ၄၄ | ကြက်ဥ | အနိမ့်ဈေး | ၁ လုံး | ၀.၁၇ | ၁ လုံး | ၁၅၂ | |
| ၄၅ | ကြက်ဥ | အမြင့်ဈေး | ၁ လုံး | ၀.၄၀ | ၁ လုံး | ၃၅၄ | |
| ၄၆ | ပန်းသီး | Fuji - တရုတ် | ၅ လုံး | ၄.၂၅ | ၁ လုံး | ၇၆၀ | |
| ၄၇ | ပန်းသီး | Granny Smith - တောင်အာဖရိက | ၅ လုံး | ၁.၉၅ | ၁ လုံး | ၃၄၉ | |
| ၄၈ | လိမ္မော်သီး | Navel - တောင်အာဖရိက | ၁ လုံး | ၀.၄၅ | ၁ လုံး | ၄၀၃ | ↓ |
| ၄၉ | ဖရဲသီး | မလေးရှား | ၃ ကီလိုဂရမ် | ၃.၉၀ | ၁ လုံး | ၃၄၉၁ | |
| ၅၀ | သခွားမွှေး | Rock - သြစတေးလျ | ၁ လုံး | ၄.၉၉ | ၁ လုံး | ၄၄၆၇ | |
| ၅၁ | ငှက်ပျောသီး | Aloha - ဖိလစ်ပိုင် | ၁ ကီလိုဂရမ် | ၁.၉၀ | ၁ လုံး | ၂၁၃ | ↑ |
| ၅၂ | နာနတ်သီး | မလေးရှား | ၁ လုံး | ၁.၉၀ | ၁ လုံး | ၁၇၀၀ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅၃ | နဂါးမောက်သီး | ဗီယက်နမ် | ၁ လုံး | ၀.၆၅ | ၁ လုံး | ၅၈၂ | |
| ၅၄ | သရက်သီး | Golden Honey - ထိုင်း | ၁ လုံး | ၃.၀၀ | ၁ လုံး | ၂၆၈၅ | |
| ၅၅ | အုန်းသီးအနု | ထိုင်း | ၁ လုံး | ၁.၂၅ | ၁ လုံး | ၁၁၁၉ | ↓ |
| ၅၆ | စတော်ဘယ်ရီ | ဩစတေးလျ | ၂၅၀ ဂရမ် | ၂.၃၅ | ၁ ပိဿာ | ၁၃၇၂၇ | ↓ |
| ၅၇ | စပျစ်သီး | အမေရိကန် | ၁ ကီလိုဂရမ် | ၅.၂၀ | ၁ ပိဿာ | ၇၅၉၄ | ↓ |
| ၅၈ | သစ်တော်သီး | တောင်အာဖရိက | ၅ လုံး | ၂.၆၉ | ၁ လုံး | ၄၈၂ | |
| ၅၉ | ထောပတ်သီး | တောင်အာဖရိက | ၁ လုံး | ၀.၉၀ | ၁ လုံး | ၈၀၆ | ↓ |
| ၆၀ | ကော်ဖီမစ် | ၂၀ ဂရမ် ၂၅ ထုပ်ပါ Nescafe 3 in 1 Rich | ၁ ပါကင် | ၅.၈၅ | ၁ ပါကင် | ၅၂၃၇ | |
| ၆၁ | ကော်ဖီမစ် | ၂၀ ဂရမ် ၄၀ ထုပ်ပါ Gold Roast 3 in 1 | ၁ ပါကင် | ၄.၆၀ | ၁ ပါကင် | ၄၁၁၈ | |
| ၆၂ | ကော်ဖီမှုန့် | Nescafe Delluxe ၂၀၀ ဂရမ် | ၁ ဘူး | ၆.၈၀ | ၁ ဘူး | ၆၀၈၇ | |
| ၆၃ | ကော်ဖီမှုန့် | Nescafe Gold ၂၀၀ ဂရမ် | ၁ ဘူး | ၁၃.၉၀ | ၁ ဘူး | ၁၂၄၄၃ | |
| ၆၄ | နွားနို့ | Dutch Lady | ၁ လီတာ | ၂.၅၀ | ၁ လီတာ | ၂၂၃၈ | |
| ၆၅ | နွားနို့ | Marigold | ၁ လီတာ | ၂.၃၀ | ၁ လီတာ | ၂၀၅၉ | |
| ၆၆ | နို့ဆီ | Marigold Lady ၃၈၇ ဂရမ် | ၁ ဘူး | ၁.၆၀ | ၁ ဘူး | ၁၄၃၂ | |
| ၆၇ | အချိုရည် | Coca Colar | ၁.၅ လီတာ | ၂.၂၀ | ၁.၅ လီတာ | ၁၉၆၉ | |
| ၆၈ | အချိုရည် | Pepsi Colar | ၁.၅ လီတာ | ၁.၇၀ | ၁.၅ လီတာ | ၁၅၂၂ | |
| ၆၉ | ဆပ်ပြာခဲ | Dove ၁၀၀ ဂရမ် ၃ခဲ | ၁ ပါကင် | ၃.၈၅ | ၁ ပါကင် | ၃၄၄၆ | |
| ၇၀ | ဆပ်ပြာခဲ | Lux ၈၅ ဂရမ် ၆ခဲ | ၁ ပါကင် | ၂.၄၅ | ၁ ပါကင် | ၂၁၉၃ | |
| ၇၁ | သွားတိုက်ဆေး | Colgate Fresh Cool ၂၅၀ ဂရမ် | ၁ ဘူး | ၄.၁၀ | ၁ ဘူး | ၃၆၇၀ | |
| ၇၂ | သွားတိုက်ဆေး | Sensodyne ၁၀၀ ဂရမ် | ၁ ဘူး | ၆.၃၀ | ၁ ဘူး | ၅၆၄၀ | |
| ၇၃ | ဓါတ်ဆီ 98 | Shell V-power 98UL | ၁ လီတာ | ၂.၇၄ | ၁ လီတာ | ၂၄၅၃ | ↑ |
| ၇၄ | ဓါတ်ဆီ 98 | Shell 98UL | ၁ လီတာ | ၂.၃၉ | ၁ လီတာ | ၂၁၃၉ | ↑ |
| ၇၅ | ဓါတ်ဆီ 98 | SPC LEVO 98 | ၁ လီတာ | ၂.၂၉ | ၁ လီတာ | ၂၀၅၀ | |
| ၇၆ | ဓါတ်ဆီ 95 | Shell 95UL | ၁ လီတာ | ၂.၀၈ | ၁ လီတာ | ၁၈၆၂ | |
| ၇၇ | ဓါတ်ဆီ 95 | SPC 95 | ၁ လီတာ | ၂.၀၅ | ၁ လီတာ | ၁၈၃၅ | |
| ၇၈ | ဓါတ်ဆီ 92 | SPC LEVO 92 | ၁ လီတာ | ၂.၀၁ | ၁ လီတာ | ၁၇၉၉ | |
| ၇၉ | ဒီဇယ် | Shell | ၁ လီတာ | ၁.၂၃ | ၁ လီတာ | ၁၁၀၁ | ↑ |
| ၈၀ | ဒီဇယ် | SPC | ၁ လီတာ | ၁.၂၃ | ၁ လီတာ | ၁၁၀၁ | ↑ |

၂။ အထက်ပါဈေးနှုန်းများမှာ ၈.၉.၂၀၁၅ နေ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်ပြန်သော ရည်ညွှန်းနိုင်ငံခြားငွေလဲနှုန်းအရ ၁ စင်ကာပူဒေါ်လာလျှင် ၈၉၅.၁၆ ကျပ်ဖြင့် မြန်မာအချင်အတွယ် စနစ်အလိုက် တွက်ချက်ထားခြင်းဖြစ်ပါသည်။ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်သည့် နိုင်ငံခြားငွေလဲနှုန်းအရ ယခုရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာတစ်ယူနစ်နှင့် ညီမျှသည့် စင်ကာပူဒေါ်လာတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | နေ့ရက် | အမေရိကန်ဒေါ်လာ တစ်ယူနစ်နှင့်ညီမျှသည့် စင်ကာပူဒေါ်လာငွေ |
|---|---|---|
| ၁ | ၂.၉.၂၀၁၅ | ၁.၄၁၃၀ |
| ၂ | ၃.၉.၂၀၁၅ | ၁.၄၁၆၃ |
| ၃ | ၄.၉.၂၀၁၅ | ၁.၄၁၈၃ |
| ၄ | ၇.၉.၂၀၁၅ | ၁.၄၂၄၉ |
| ၅ | ၈.၉.၂၀၁၅ | ၁.၄၂၆၂ |

(နေအေးလွင်)
စီးပွားရေးသံမှူး

၈.၉.၂၀၁၅ နေ့ စင်ကာပူနိုင်ငံ၌ ဖြစ်ပေါ်သော သဘာဝဓါတ်ငွေ့နှင့် စက်သုံးဆီ
လက်လီဈေးနှုန်းစာရင်း

| No. | Commodity | Unit | Retail Price | | Remarks |
|---|---|---|---|---|---|
| | | | S$ | US$ | |
| 1 | **Petrol** | | | | |
| | Shell V-Power (98UL) | 1 Litre | 2.74 | | Shell Co Ltd |
| | Shell FuelSave 98 (98UL) | 1 Litre | 2.39 | | Shell Co Ltd |
| | Shell FuelSave 95 (95UL) | 1 Litre | 2.08 | | Shell Co Ltd |
| | SPC LEVO 98 | 1 Litre | 2.29 | | SPC Co Ltd |
| | SPC LEVO 95 | 1 Litre | 2.05 | | SPC Co Ltd |
| | SPC LEVO 92 | 1 Litre | 2.01 | | SPC Co Ltd |
| 2 | **Diesel** | | | | |
| | Shell Diesel (AGO) | 1 Litre | 1.23 | | Shell Co Ltd |
| | Diesel | 1 Litre | 1.23 | | SPC Co Ltd |
| 3 | Jet A-1 fuel oil | 100 US Cents per US Gallon | | 208 | Price of Shell Global at Changi Airport |
| 4 | CNG | 1 Kilogram | 1.34 | | Union Gas Co Ltd |
| 5 | Natural Gas | 1 kWh | 0.1825 | | Pipe line rate of cooking gas for household usage (GST excluded) Supplied by Singapore Power Group |
| | **Exchange Rate** | 1US$ = 1.4262 S$, Monetary Authority of Singapore | | | |
| | Date | 8 September 2015 | | | |

(နေအေးလွင်)
စီးပွားရေးသံမှူး

အစီရင်ခံစာခေါင်းစဉ်။ **(ခ) စီးပွားရေးသတင်းများ**

အကြောင်းအရာ။ **စင်ကာပူ၏ဝန်ဆောင်ကုန်သွယ်မှု လျင်မြန်စွာတိုးတက်လျက်ရှိခြင်း**

၁။ စင်ကာပူနိုင်ငံ၏ ပြည်ပကုန်သွယ်မှု၌ ဝန်ဆောင်မှုဆိုင်ရာပို့ကုန်လုပ်ငန်းများမှာ လွန်ခဲ့သော ၁၀ နှစ်တာကာလအတွင်း ကုန်စည်တင်ပို့မှုထက် နှစ်ဆမျှ ပိုမိုလျင်မြန်စွာတိုးတက်လာခဲ့ကြောင်း စင်ကာပူအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းအဖွဲ့အစည်း(IE Singapore)မှ ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

၂။ စက်တင်ဘာလ ၈ ရက်နေ့ စင်ကာပူနိုင်ငံ၌ Global Trade Review သတင်းဌာနမှ စီစဉ်ကျင်းပသော အာရှဒေသကုန်သွယ်မှုနှင့် ပို့ကုန်ရံပုံငွေကြေးဆိုင်ရာ ညီလာခံဆွေးနွေးပွဲတွင် IE Singapore ၏ အမှုဆောင်အရာရှိချုပ် Mr Teo Eng Cheong က အမှာစကားပြောကြားရာ၌ စင်ကာပူ၏ ဝန်ဆောင်မှုပို့ကုန်လုပ်ငန်းသည် လွန်ခဲ့သည့်ဆယ်စုနှစ်တစ်ခုအတွင်း နှစ်စဉ်ထပ်တိုး တိုးတက်မှုနှုန်း(CAGR) ၁၀ ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့ရာ ယခင်နှစ်၌ စင်ကာပူဒေါ်လာ ၁၇၈ ဘီလီယံအထိ ရောက်ရှိလာကြောင်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၌ ပို့ကုန်တိုးတက်မှုမှာ ပိုမိုလျင်မြန်ပြီး ၁၀ နှစ်တာကာလတွင် CAGR ၁၅ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း၊ ဤလုပ်ငန်းသည် စင်ကာပူ၏ စုစုပေါင်းဝန်ဆောင်မှုပို့ကုန်ကဏ္ဍ၌ ၁၅% ပါဝင်လျက်ရှိကြောင်းဖြင့် ပြောဆိုပါသည်။

၃။ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့(WTO)၏ စာရင်းများအရ စင်ကာပူသည် ပို့ကုန်နှင့်သွင်းကုန် ကဏ္ဍ ၂ ခုလုံး၌ ကမ္ဘာ့အဆင့် ၁၃ တွင်ရပ်တည်လျက်ရှိပြီး ကုန်သွယ်မှုနှင့် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုးအချိုး (trade-to-GDP ratios) မြင့်မားသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်အတွက် စုစုပေါင်းကုန်စည်ကုန်သွယ်မှုတန်ဖိုးမှာ စင်ကာပူဒေါ်လာ ၉၈၂ ဘီလီယံ ရှိပြီး ပင်လယ်ရေကြောင်းကုန်သွယ်မှု၌ ကုန်သေတ္တာများ၏ ၈၅% ခန့်မှာ ပြည်တွင်းသို့ဝင်ရောက်ခြင်းမရှိပဲ ၎င်း၏ဆိပ်ကမ်းများတွင် သင်္ဘောတစ်စီးမှအခြားတစ်စီးသို့ လွှဲပြောင်းတင်ပို့ခြင်းဖြစ်ပါသည်။ ထို့အပြင် နိုင်ငံပြင်ပရှိ စင်ကာပူကုမ္ပဏီများ၏ကုန်သွယ်မှုလုပ်ငန်းများသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ ယခင်နှစ်၌ စင်ကာပူ၏ ကမ်းလွန်ကုန်သွယ်မှု (offshore trade) ပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံအထိ စံချိန်တင်မြင့်မားခဲ့ပြီး စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုး၏ ၄ ရာခိုင်နှုန်း (စင်ကာပူဒေါ်လာ ၁ ဒသမ ၈၅ ထရီလီယံ) ခန့်ရှိကြောင်း၊ ယင်းလုပ်ငန်းကဏ္ဍ၌ အလုပ်အကိုင်နေရာပေါင်း ၁၄၀၀၀ ကျော်ကို ခန့်အပ်ထားရှိကြောင်း သိရှိရပါသည်။ စင်ကာပူ၏ လေဆိပ်နှင့်ဆိပ်ကမ်းတို့မှတစ်ဆင့် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ ကျော်နှင့် ပင်လယ်ဆိပ်ကမ်းပေါင်း ၆၀၀ ကျော်သို့ ဆက်သွယ်မှုကွန်ယက်ကို ဖြန့်ကျက်ထားရှိသည့်အားလျော်စွာ စင်ကာပူနိုင်ငံသည် ကျွမ်းကျင်မှုရှိသော လုပ်သားအင်အားထုနှင့်အတူ ကမ္ဘာ့ကုန်သွယ်မှုနှင့်ငွေကြေးလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အချက်အချာနေရာတစ်ခုအဖြစ် ဆင့်ကဲတိုးတက်ဖြစ်ထွန်းလာမည်ဟု Mr Teo က ယူဆလျက်ရှိပါသည်။

၄။ စင်ကာပူနိုင်ငံ၏ ကုန်သွယ်မှုစာရင်းအင်းစနစ်၌ ကုန်စည်နှင့်ဝန်ဆောင်မှုဟူ၍ ကဏ္ဍနှစ်ခု ခွဲခြားထားရှိရာတွင် ခရီးသည်နှင့်ကုန်စည်သယ်ယူပို့ဆောင်မှုလုပ်ငန်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊ အာမခံဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း၊ နည်းပညာဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း၊ ကုန်အမှတ်တံဆိပ်နှင့်မူပိုင်ခွင့်ဆိုင်ရာ အခကြေးငွေများ၊ လူမှုရေးဝန်

ဆောင်မှုလုပ်ငန်းနှင့် အစိုးရ၏ဝန်ဆောင်မှုလုပ်ငန်းများသည် ဝန်ဆောင်ကုန်သွယ်မှုခေါင်းစဉ်အောက်၌ ပါဝင်လျက်ရှိပါသည်။ လက်ရှိကာလ၌ စင်ကာပူရှိ ချန်ဂီလေဆိပ်တွင် လေကြောင်းလိုင်း ၈၀ မှ ခရီးစဉ်ပေါင်း ၄၀၀၀ ကျော်ကို ပျံသန်းပြေးဆွဲလျက်ရှိသကဲ့သို့ စင်ကာပူဆိပ်ကမ်းအာဏာပိုင်လက်အောက်ရှိ ဆိပ်ကမ်းများတွင်လည်း ပင်လယ်ရေကြောင်းပို့ဆောင်ရေးလိုင်းပေါင်း ၂၀၀ ကျော်ကို လက်ခံ၍ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၅။ စင်ကာပူအစိုးရအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ၌ ပါဝင်လျက်ရှိသူများ၏ ကျွမ်းကျင်မှုအရည်အသွေးကိုမြှင့်တင်ရန်အတွက် လေ့ကျင့်သင်ကြားမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ IE Singapore သည် နန်ယန်းနည်းပညာတက္ကသိုလ်နှင့်ပူးပေါင်းလျက် International Trading Programme ခေါ် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်းအား ဩဂုတ်လအတွင်း ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရှိရပါသည်။

(နေအေးလွင်)
စီးပွားရေးသံမှူး

**ကိုးကားချက်များ**

(၁) The Straits Times သတင်းဌာန၏ ၉.၉.၂၀၁၅ နေ့ သတင်းဖော်ပြချက် Exports of services seeing fast growth: IE S'pore

(၂) International Enterprise Singapore အမှုဆောင်အရာရှိချုပ် Mr Teo Eng Cheong ၏ ၈.၉.၂၀၁၅ နေ့ GTR Asia Trade & Export Finance Conference 2015 တွင် အမှာစကားပြောကြားမှုမှ ကောက်နှုတ်ချက်